

EAST-WEST SEED

# အများလိုအဟာရဓာတ်များ
## နည်းပညာလမ်းညွှန်

• အများလိုအဟာရဓာတ်ဆိုသည်မှာ အဘယ်နည်း။

* အပင်ကြီးထွားရန်အတွက် များစွာ လိုအပ်သော
အဟာရဓာတ်များဖြစ်သည်။



MYANMAR

* ယူရီးယား(ပုလဲ)
ဓာတ်မြေသြဇာသာမက
ပိုမို လိုအပ်သည်။



O C H

* လေထဲမှ

* အများလို အဟာရဓာတ်များ

S Ca Mg

N P K

* အနည်းလို အဟာရဓာတ်များ

B Mo Cl Co

Mn Zn Cu Fe Ni

* မရှိမဖြစ်လိုအပ်သော အဟာရဓာတ်(၁၈)မျိုး

# • အဟာရချို့တဲ့မှုကို ကိုင်တွယ်ဖြေရှင်းခြင်း




နိုက်ထရိုဂျင် ( N )
* အပင်၏ အစာချက်လုပ်မှု ဖြစ်စဉ်တွင် ပါဝင်သည်။
* အပင်ပိုင်းကြီးထွားမှုကို အားပေးသည်။

ဖော့စ်ဖရပ် ( P )
* အမြစ်ဖွံ့ဖြိုးမှုအတွက် လှုံ့ဆော်ပေးသည်။
* ရင်မှည့်မှုကို အားပေးသည်။

ပိုတက်စီယမ် ( K )
* အသီးအရည်အသွေး ကောင်းမွန်စေသည်။
* ရောဂါခုခံနိုင်စွမ်းအား ကောင်းမွန်စေသည်။

မဂ္ဂနီစီယမ် ( Mg )
* အခြားအဟာရများ စုပ်ယူမှုကိုပုံမှန် ထိမ်းညှိပေးသည်။
* အစိမ်းရောင်ရှိသော အပင်များ အစာချက်လုပ်မှုတွင် အဓိကကျသော အဟာရဓာတ်ဖြစ်သည်။

ဆာလ်ဖာ ( S )
* ပဲမျိုးရင်းဝင်များတွင် မြစ်ဖုဖြစ်ပေါ်မှုကို အားပေးသည်။
* အစေ့အဆံဖြစ်ပေါ်မှုနှင့် အမြစ်ကြီးထွားကို အားပေးသည်။

ကယ်လ်စီယမ် ( Ca )
* အသီးတင်မှုကောင်းသည်။
* ရောဂါခုခံနိုင်စွမ်းအား ကောင်းမွန်စေသည်။

အကောင်းဆုံးအကြံပြုချက်အနေနှင့် -

ကောင်းမွန်သော ရေပေးသွင်းမှု စီမံခန့်ခွဲခြင်းသည် အပင်အဟာရအတွက် များစွာအထောက်အကူပြုသည်။

# • အဟာရဓာတ်ချို့တဲ့မှု လက္ခဏာများ

အကောင်းဆုံးအကြံပြုချက်အနေနှင့် -

အဟာရဓာတ်ချို့တဲ့မှုသည် ရေငတ်ခြင်း၊ ဆေးလောင်ခြင်း၊ ရောဂါဖြစ်ခြင်း စသောလက္ခဏာများနှင့် ဆင်တူယိုမှားဖြစ်တတ်သည်။ မသေချာလျှင် ကျွမ်းကျင်သောပညာရှင်များနှင့် စစ်ဆေးပါ။

## အပေါ်ပိုင်း /အရွက်နုများနှင့် အသီးများ



ဆာလ်ဖာ - နိုက်ထရိုဂျင် ချို တဲ့သော လက္ခဏာနှင့် ဆင်တူသော်လည်း ဆာလ်ဖာချို့တဲ့ရာတွင် အရွက်နု/ငယ်များမှစတင်ဖြစ်ပေါ်သည်။



ကယ်လ်စီယမ် - အသီးထိပ်များပုတ်ခြင်း၊ အရွက်အနားများ၌ အနာကွက်များဖြစ်ပေါ်ခြင်း/ တစ်ရှူးသေခြင်း နှင့် အရွက်သစ်များတွန့်လိမ်ရှုံ့တွခြင်း။

## အောက်အရွက် (သို့) အရွက်ရင့်များ



ပိုတက်စီယမ် - အရွက်အနားစွန်းများအဝါရောင်ဖြစ်ပေါ်ခြင်း။



နိုက်ထရိုဂျင် - အရွက်များ အဝါရောင်ဖြစ်ပေါ်ခြင်း။



မဂ္ဂနီစီယမ် - ရွက်ကြောများကြား၌ အဝါရောင်ဖြစ်ပေါ်ခြင်း၊



ဖော့စ်ဖရပ် - အရွက်များ ခရမ်းရောင်ဖြစ်ပေါ်ခြင်း။

# • အဟာရချို့တဲ့မှုကို ကိုင်တွယ်ဖြေရှင်းခြင်း




မြေဆီလွှာစမ်းသပ်မှုကို ပုံမှန်ပြုလုပ်ပါ။ သီးနှံရာသီမစမီ နိုက်ထရိုဂျင်ပါဝင်မှုကို စစ်ဆေးပါ။ ၅ နှစ် တစ် ကြိမ် မြေချဉ်ငံဓာတ်နှင့် ပိုတက်စီယမ်၊ ဖော့စ်ဖရပ်၊ ကယ်လ်စီယမ်၊ ဆာလ်ဖာ၊ မဂ္ဂနီစီယမ် ပမာဏတို့ကို စမ်းသပ်စစ်ဆေးပါ။



မြေသြဇာများ အသုံးပြုပါ။ မြေချဉ်ငံဓာတ်(pH) နိမ့်နေလျှင်(သို့) အချဉ်ပေါက်နေလျှင် ထုံးထည့်ပါ။ ကျွမ်းကျင်သော ပညာရှင်နှင့်တိုင်ပင်ဆွေးနွေးပါ။

## သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာနမူနာများ

| ဓာတ်မြေသြဇာများ | | N | $P_2O_5$ | $K_2O$ |
|---|---|---|---|---|
| ကွန်ပေါင်း | နိုက်ထရိုဂျင်(N)၊ ဖော့စ်ဖရပ်(P)၊ ပိုတက်စီယမ်(K) ၁၅ - ၁၅ - ၁၅ | ၁၅ | ၁၅ | ၁၅ |
| | နိုက်ထရိုဂျင်(N)၊ ဖော့စ်ဖရပ်(P)၊ ပိုတက်စီယမ်(K) ၂၀ - ၂၀ - ၁၅ | ၂၀ | ၂၀ | ၁၅ |
| | နိုက်ထရိုဂျင်(N)၊ ဖော့စ်ဖရပ်(P)၊ ပိုတက်စီယမ်(K) ၁၀ - ၂၆ - ၂၆ | ၁၀ | ၂၆ | ၂၆ |
| နှစ်မျိုးစပ် | ဒိုင်အမိုနီယမ်ဖော့စ်ဖိတ် | ၁၈ | ၄၆ | ၀ |
| | အမိုနီယမ်ဖော့စ်ဖိတ် | ၁၆ | ၂၀ | ၀ |
| | မိုနိုပိုတက်စီယမ်ဖော့စ်ဖိတ် | ၀ | ၅၂ | - ၃၄ |
| ပိုတက်ရှ် | ယူရီးယား | ၄၆ | ၀ | ၀ |
| | တစ်မျိုးတည်း | ၀ | ၀ | ၆၀ |
| | ဖော့စ်ဖိတ် | ၀ | ၃၆ | ၀ |

* ဒိုင်အမိုနီယမ်ဖော့စ်ဖိတ် ၁၀၀ ကီလို ဂရမ်နှင့် ယူရီးယား ၁၀၀ ကီလို ဂရမ်တို့တွင်ပါဝင်သော အဟာရဓာတ်မတူညီပေ။

* ဒိုင်အမိုနီယမ်ဖော့စ်ဖိတ် ၁၀၀ ကီလို ဂရမ်၌နိုက်ထရိုဂျင် (N) ၁၈ ကီလို ဂရမ်နှင့် ဖော့စ်ဖိတ် ၄၆ ကီလို ဂရမ် ပါဝင်သည်။

* ယူရီးယား ၁၀၀ ကီလို ဂရမ်၌ နိုက်ထရိုဂျင် ၄၆ ကီလို ဂရမ် ပါဝင်သည်။

| သဘာဝမြေသြဇာများ | |
|---|---|
| တိရိစ္ဆာန် စွန့်ပစ်ပစ္စည်းများ | နွားချေး<br>လင်းနို့ချေး<br>ကြက်ချေး |
| သီးနှံအကြွင်း အကျန်များ | ကောက်ရိုး<br>ပဲမျိုးရင်းဝင်များ<br>ပြောင်းရိုးတံများ |
| အခြားပစ္စည်း | တီကျစ်စာ<br>ဘိုကာရှီမြေသြဇာ<br>ဥစ္စများနှင့် အရိုးများ<br>ငါးအမိုင်နှီအက်ဆစ်<br>အချဉ်ဖောက်ထားသောသစ်သီးရည်<br>အပင်အစိတ်အပိုင်းများကို<br>အပင်အစိတ်အပိုင်းများကို အချဉ်ဖောက်ထားသောအရည်<br>မြေသြဇာများ အချဉ်ဖောက်ထားသောအရည် |







အဟာရဓါတ်များစွာလိုအပ်သော သီးနှံများ
(ပြောင်း၊ သခွားမျိုးရင်းဝင်များ၊ ငရုပ်မျိုးရင်းဝင်များ)

↓

မြေကြီးသို့ အဟာရဓါတ်များစွာပေးသောအပင်များ
(ပဲမျိုးရင်းဝင်များ)

↓

အဟာရဓါတ်အသင့်အတင့်လိုအပ်သော အပင်များ
(မုန်ညင်း မုန်လာမျိုးရင်းဝင်များ)

***http://guides.eastwestseed.com***


EWSF မှထွက်ရှိသော စိုက်ပျိုးနည်းလမ်းညွှန်များမှ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။@East West Seed Foundation ၏ ၂၀၁၈ မူပိုင်ခွင့်။


နည်းပညာဆိုင်ရာထောက်ခံချက်များနှင့်ပက်သက်၍ Wageningen University & Research နှင့်အတူ ပူးပေါင်းဆောင်ရွက်သည်။